# တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး

## (၁၂)ရက်မြောက်နေ့အစီအစဉ်

## ၂၅-၈-၂၀၂၆ (အင်္ဂါနေ့)

၁။ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေးမတက်ရောက်နိုင်သော စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းနှင့် အစည်းအဝေးတက်ရောက်မှု အခြေအနေအား လွှတ်တော်၏အတည်ပြုချက် ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များကဖြေကြားခြင်း-

(က) **ဒေါ်ဆန်းစစ်ရှီး၊ လေရှီးမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)၏** "လေရှီးမြို့ရှိ ပြည်သူ့ဆေးရုံတွင် လစ်လပ်လျက်ရှိသော သွားဆရာဝန်တစ်ဦး အမြန်ဆုံး ခန့်အပ်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း" စပ်လျဉ်းသည့်မေးခွန်း။

(ခ) **ဒေါ်ကြူကြူစိန်၊ မုံရွာမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၏** "စစ်ပင်ရပ်ကွက်အတွင်းရှိ အမှတ်(၃၅)၊ အခြေခံပညာမူလတန်းကျောင်း(ကင်းချောင်း)အား (၁၂၀×၃၀×၁၃)ပေရှိ စာသင်ဆောင်အသစ်တစ်ခု ထပ်တိုးဆောက်လုပ်ပေးရန်နှင့် ကျောင်းဝင်းလုံခြုံမှုရှိစေရေးအတွက် အုတ်တံတိုင်းခြံစည်းရိုးကာရံခြင်းကို အပြီးသတ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း" စပ်လျဉ်းသည့်မေးခွန်း။

(ဂ) **ဦးအောင်ဇော်ဝင်း၊ ဟုမ္မလင်းမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၏** "ဟုမ္မလင်းမြို့နယ်၊ ကက်သာစံပြကျေးရွာ၊ အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်းရှိ ပညာရေးဝန်ထမ်းအိမ်ရာအား တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း" စပ်လျဉ်းသည့်မေးခွန်း။

(ဃ) **ဦးစိုင်းစံလှစိုး၊ ဟုမ္မလင်းမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)၏** "ဟုမ္မလင်းမြို့နယ်အတွင်း ဖွင့်လှစ်ထားသည့် စာသင်ကျောင်းများတွင် လိုအပ်လျက်ရှိသော အလယ်တန်းပြဆရာများ ထပ်တိုးခန့်အပ်နိုင်ခြင်းရှိ/မရှိ သိရှိလိုပါကြောင်း" စပ်လျဉ်းသည့်မေးခွန်း။

(င) **ဦးတင်မောင်မြင့်၊ ဖောင်းပြင်မြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၏** "ကလေးမြို့၊ မော်လိုက်ကျေးရွာအုပ်စု၊ မော်လိုက်ရွာသစ်ရှိ ပြည်သူများ အသုံးပြုလျက်ရှိသည့် သစ်သားတံတား(၂)စင်းအား သံကူကွန်ကရစ်တံတား သို့မဟုတ် သံဘောင်ဘေလီ သစ်သားခင်းတံတားများအဖြစ် အသစ်ပြန်လည် တည်ဆောက်ပေးနိုင်ခြင်းရှိ/မရှိ သိရှိလိုပါကြောင်း" စပ်လျဉ်းသည့်မေးခွန်း။

(စ) **ဦးရဲမိုးနိုင်၊ ရေဦးမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)၏** "ရေဦးမြို့၊ အောင်ချမ်းသာ ရပ်ကွက်၊ ဘုံပျံကျောင်းတိုက် အနောက်ဘက်ရှိ အရှည်ပေ(၆၀၀)၊ အကျယ်(၁၅)ပေ၊ အမြင့်(၆)လက်မထုကို ကွန်ကရစ်လမ်း ဆက်ခင်းရန်အတွက် လိုအပ်လျက်ရှိသော ဘိလပ်မြေအား ကူညီထောက်ပံ့ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း" စပ်လျဉ်းသည့်မေးခွန်း။

(ဆ) **ဦးမင်းမင်းဇေယျာမြင့်၊ စစ်ကိုင်းမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)၏** "စစ်ကိုင်းမြို့နယ်၊ စည်ပင်သာယာရေးအဖွဲ့အနေဖြင့် အမှိုက်သိမ်းခြင်းလုပ်ငန်းများကို ယခုထက်ပိုမိုဆောင်ရွက်နိုင်ရန် အမှိုက်သိမ်းယာဉ်များ၊ ဝန်ထမ်းများတိုးမြှင့်ချထား ပေးရန် အစီအစဉ်ရှိ/မရှိ သို့မဟုတ် အမှိုက်သိမ်းခြင်းလုပ်ငန်းကို ပုဂ္ဂလိကသို့ တင်ဒါချထားပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း" စပ်လျဉ်းသည့်မေးခွန်း။

(ဇ) **ဦးသော်နိုင်ဦး၊ တန့်ဆည်မြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၏** "၂၀၁၈ ခုနှစ်၊ ဖွန်လ(၁၃)ရက်နေ့တွင် ပြဋ္ဌာန်းထားခဲ့သော စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မြို့ဝင် ကြေးနှင့် ဘီးခွန်စသည့် စည်ပင်သာယာရေးဆိုင်ရာ အခွန်အခများ ကောက်ခံခြင်း နည်းဥပဒေ(၅၆)ပါ အကောက်စခန်း(၁၀)ခု သတ်မှတ်ချက်အစား မြို့နယ် (၃၇)မြို့နယ်စလုံးတွင် အကောက်စခန်းများဖွင့်လှစ်ရေး ပြင်ဆင်သတ်မှတ်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း" စပ်လျဉ်းသည့်မေးခွန်း။

(ဈ) **ဦးမြတ်ကို၊ ခန္တီးမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)၏** "ခန္တီးမြို့၊ ဇီးဖြူကုန်း ရပ်ကွက်၊ တောင်ဇလပ်လမ်း အရှည်(၁၀၀၀)ပေ၊ အကျယ်(၁၂)ပေ၊ ထု(၉)လက်မ ကွန်ကရစ်လမ်းခင်းခြင်းနှင့် ရေတိုက်စား၍ ပြိုကျနေသော အရှည်(၃၃)ပေ၊ အကျယ် (၁၆)ပေ၊ ထု(၁၂)လက်မထု တံတားအား ပြန်လည်ပြုပြင် တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း" စပ်လျဉ်းသည့်မေးခွန်း။

၆။ တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ၏ "လုပ်ငန်းဆောင်ရွက်ချက် အစီရင်ခံစာ"အား လွှတ်တော်သို့ တင်သွင်းခြင်း။

CS CamScanner

၇။ တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ၏ "လုပ်ငန်းဆောင်ရွက်ချက် အစီရင်ခံစာ"နှင့် စပ်လျဉ်းပြီး လွှတ်တော်၏ သဘောထား ရယူ၍ မှတ်တမ်းတင်ကြောင်း ကြေညာခြင်း။

၈။ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်း အဝေး (၁၃)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။

CS CamScanner